ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လူထုဗဟိုပြုစီမံကိန်း

## သင်တန်းနည်းပြများအတွက်
## ကျား-မရေးရာ ဖော်ဆောင်ရေး ဆန်းစစ်ချက်

၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ

# သင်တန်းနည်းပြများအတွက်
# ကျား-မရေးရာ ဖော်ဆောင်ရေး ဆန်းစစ်ချက်

# Gender Checklist for Community Facilitators and Technical Facilitators

**Rationale of the checklist:**

It is observed that most CFs, TFs and volunteers are not aware of gender requirements when implementing NCDD project. Some requirements of are still debating between CFs/TFs and communities particularly the requirement of equal pay for equal work and the active and meaningful participation of women in the project. That is because this checklist is designed in order to enhance the skill on gender integration of CFs/TFs' and staff who involve in this project, to reduce gender gap in the project and to integrate gender in their daily activities and reporting system.

**Gender Equality in NCDDP:**

Gender is socially and culturally constructed such as women and men are taught in their life how to be behaved and acted because of their anatomy by their families and societies. Because of this biological difference, privileges and disadvantages varies among men and women even sometimes among in their homogenous group. Contextually and practically, the practices of promoting gender equality are also differed among development actors according places, races and political situation. What NCDDP belief is that by practicing the following gender requirements in this current infrastructure project, which is supported by WB, will be able to enhance gender equality in Myanmar.

- 50-50 requirement for village project support committee
- At least one member and/or more of each project sub-committee members are women
- One woman should be head of every VPSC and VTPSC
- At least one sub-project per village tract is identified by women every year
- The practice of equal pay for equal work
- Integrating gender aspects in project cycle

# လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများအတွက် ကျား-မရေးရာ ဖော်ဆောင်ရေး ဆန်းစစ်ချက်များ

### ကျား-မရေးရာ ဆန်းစစ်လွှာဖြစ်ပေါ်လာရခြင်း

ကျားမရေးရာညွှန်းကိန်းများကို လူထုဗဟိုပြုစီမံကိန်း ထည့်သွင်း အကောင်အထည်ဖော်ရာတွင် စီမံကိန်းတွင် ပါဝင်နေသော ဝန်ထမ်းများ အထူးသဖြင့် လူထုနှင့် ထိတွေ့နေရသော ဝန်ထမ်းများသည် ထိုကျားမရေးရာညွှန်းကိန်းများ အပေါ် နားလည်နိုင်မှု အနည်းငယ် လိုအပ်နေသေးကြောင်း လေ့လာ သုံးသပ်မိပါသည်။ ထို့ပြင် အချို့သော ကျားမရေးရာ လိုအပ်ချက်များသည် အထူးသဖြင့် တူညီသောအလုပ်အတွက် တူညီသောလုပ်အားခ၊ ရပိုင်ခွင့်နှင့် စီမံကိန်းများတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင်ခွင့်ဆိုသည့်အချက်များတွင် ဒေသခံများအနေဖြင့် အပြည့်အဝ လက်ခံကျင့်သုံးရန် ခက်ခဲနေသေးသည်။ သို့အတွက်ကြောင့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသော ဝန်ထမ်းများ၊ ကွင်းဆင်းညှိနှိုင်းရေးမှူးများ ပိုပြီး လက်တွေ့ကျသော ကျားမရေးရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်၊ စီမံချက်အတွင်း ကျားမရေးရာမှုများ မညီမျှမှုများကို လျှော့ချနိုင်ရန်နှင့် မိမိတို့ လုပ်ဆောင်နေသော နေ့စဉ် လုပ်ငန်းဆောင်တာများနှင့် အစီရင်ခံစာ ပြုစုခြင်းများတွင် ကျားမရေးရာကို ထင်ဟပ်စေရန် ရည်ရွယ်ပြီး ဤကျားမရေးရာ အကောင်အထည်ဖော်ရေး ဆန်းစစ်လွှာကို ပြုလုပ်ရခြင်းဖြစ်သည်။

### လူထုဗဟိုပြုစီမံကိန်း၏ လက်ခံကျင့်သုံးနေသော ကျား-မရေးရာ တန်းတူညီမျှရေး

ကျားမရေးရာသည် ယဉ်ကျေးမှုနှင့် လူမှုရေးရာအရ တည်ဆောက်ထားသောအရာဖြစ်သည့်အလျောက် အမျိုးသား အမျိုးသမီးတို့သည် မိမိတို့၏ဘဝတွင် မိမိတို့၏ ဇီဝဗေဒတည်ဆောက်ပုံအရ မည်သို့ပြုမူနေထိုင်ရမည်၊ မည်သို့ လုပ်ဆောင်ရမည်ကို မိမိတို့၏မိသားစုမှသော်လည်းကောင်း မိမိတို့၏ ပတ်ဝန်းကျင်မှ နေ့စဉ်နှင့်အမျှ သင်ကြားခြင်းခံခဲ့ကြရသည်။ ထိုဇီဝဗေဒခြားနားချက်များကြောင့်လည်း အမျိုးသားနှင့် အမျိုးသမီးတို့အကြား တစ်ခါတစ်ရံ အမျိုးသမီး (သို့) အမျိုးသားအချင်းချင်းကြားရှိ အရေးပေးခံရမှုများနှင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာရသည်။ နေရာဒေသအလိုက်နှင့် အခြေအနေကွဲပြားမှုတို့ပေါ် မူတည်၍ ကျားမရေးရာတန်းတူညီမျှရေးနှင့်ပတ်သက်သောဖော်ဆောင်မှုများနှင့် လက်တွေ့ကျင့်ဆောင်မှုများ ကွဲပြားကြပါသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ လက်တွေ့ကျင့်ဆောင်မှုများ ကွဲပြားခြားနားသည်ဆိုသော်လည်း ကမ္ဘာ့ဘဏ်မှ ပံ့ပိုးထားသော ဤလူထုဗဟိုပြုစီမံကိန်း ယုံကြည်ထားသည်မှာ မိမိတို့ စီမံကိန်း ဦးတည်ရာဒေသနှင့် လူထုများအကြား အောက်ပါ ကျား-မရေးရာလိုအပ်ချက်များကို ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ကျားမရေးရာ တန်းတူညီမျှမှုရှိရေးကို တိုးမြှင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

- ကျေးရွာရှိ စီမံကိန်းအထောက်အကူပြု ကော်မတီများတွင် အမျိုးသမီး၊ အမျိုးသား (၅၀-၅၀) အချိုးညီမျှပါဝင်ရန်
- ဆပ်ကော်မတီဝင်များတွင်လည်း အနည်းဆုံး အမျိုးသမီးတစ်ဦး (သို့) တစ်ဦးထက် ပို၍ ပါဝင်ဖွဲ့စည်းရန်
- ကျေးရွာစီ/ထောက်ကော်မတီများနှင့် အုပ်စုစီ/ထောက်ကော်မတီများတွင် အမျိုးသမီးဥက္ကဋ္ဌတစ်ယောက်ပါဝင်ခန့်ထားရန်
- အမျိုးသမီးအုပ်စုများမှ ရွေးချယ်ပြီး အကြံပြုထားသော လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုကို နှစ်စဉ်နှစ်တိုင်း ကျေးရွာအုပ်စုများတွင် အကောင်အထည်ဖော်ရန်
- တူညီသောအလုပ်အတွက် တူညီသော လုပ်ခ ခံစားခွင့်ရရှိရန်
- စီမံကိန်းစက်ဝန်း၏ အဆင့်တိုင်းတွင် ကျားမရေးရာအမြင်များကို ထည့်သွင်းလုပ်ဆောင်ရန်

**Instruction to use this checklist:**

This checklist is designed to strengthen gender aspects in all works that we do. It is explained that what things need to be prepared before we do and what questions we need to raise in our field work and why this question/ fact that we need to bring/ report back. etc. However, we don't need to follow all steps at a time; we can pick only the relevant step or area up when we go to the field and use as appropriate.

## Prior to Village's Orientation Meeting

☐ Community Facilitators and Technical Facilitators are required to receive gender training. They need to discuss and understand gender issues of their areas.

☐ Before villages meeting, ensure meeting with the Township Leaders, Township DRD, and meeting with different stakeholders in the township to assess villages information and meet with existing groups (such as religious group, men's group, women's group. etc.) to assess their usage of resources, traditional practices, religions, livelihood, poverty, and population.

☐ Develop a simple outreach plan and prepare an overview gender aspect in the project cycles with township gender focal.

## Step (1) 1st Village Meeting : Project Orientation

☐ Organize a village orientation meeting with villagers using the outreach plan

☐ CFs/TFs needs to ensure that:
- Villagers are invited in advance
- appropriate meeting time for both male and female villagers
- use appropriate language (s)
- encourage women to participate and speak out during the meeting

☐ Provide an overview of gender aspects in the project cycles by using prepared communication tools such as gender poster and pamphlets.

☐ Check whether all different kinds of women have involved in the orientation meeting. If not, try to reach and visit some of the sample group who were not participated in the meeting and get their opinion.

x x x x x

**ကျား-မရေးရာ ဖော်ဆောင်ရေးဆန်းစစ်ချက်ကို အသုံးပြုနည်း**

ဤကျားမရေးရာ ဖော်ဆောင်ရေး ဆန်းစစ်ချက်သည် ကျွန်ုပ်တို့လုပ်ဆောင်နေသော လုပ်ငန်းမှန်သမျှတွင် ကျား-မ ရေးရာအမြင်များကို ထည့်သွင်းလုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ရပ်ကွက်ကျေးရွာသို့ ကွင်းဆင်းမှုများ မပြုလုပ်မီ မည်သည့်လုပ်ဆောင်ချက်များ မစတင်မီ မည်သည့်အရာများကို ပြင်ဆင်သင့်သည်၊ မည်သည့်မေးခွန်းများ ပြင်ဆင်ထား သင့်သည်၊ မည်သည့်အတွက်ကြောင့် ထိုမေးခွန်းများ မေးသင့်ပြီး မည်သည့်အချက်အလက်များကို ဘာကြောင့် ကျွန်ုပ်တို့၏ အစီရင်ခံစာတွင် ထည့်သွင်းသင့်သည်ကို ရှင်းပြထားပါသည်။ သို့သော် အချက်များအားလုံးကို တစ်ချိန်တည်းတွင် လုပ်ဆောင်ရန် ရည်ရွယ်ခြင်းမျိုး မဟုတ်ပါ။ မိမိ/ ကျွန်ုပ်တို့နှင့် သင့်တော်သော လုပ်ငန်းအချိန်၊ အဆင့်နှင့် ကိုက်ညီသော အချက်များကိုသာ လိုအပ်သလို ပြင်ဆင်အသုံးပြုနိုင်ပါသည်။

## လုပ်ငန်းမိတ်ဆက်အစည်းအဝေး မစတင်မီအချိန်

☐ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ကျား-မရေးရာသင်တန်းရရှိရန်လိုအပ်ပြီး ၎င်းတို့ ဒေသရှိ ကျား-မရေးရာ ပြဿနာများကို ဆွေးနွေး နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။

☐ စီမံကိန်းလုပ်ဆောင်မည့် မြို့နယ်ရှိ ကျေးလက်ဦးစီးဌာနမှ ပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များနှင့် ဦးစွာ တွေ့ဆုံကာ မြို့နယ်ရှိ ဘာသာရေးအုပ်စု၊ လူမှုရေးအုပ်စု၊ အမျိုးသမီးအဖွဲ့ အစရှိသော အဓိကခေါင်းဆောင်/အုပ်စုများနှင့်တွေ့ဆုံ ပြီး မြို့နယ်ရှိ ဒေသခံများ၏ အရင်းအမြစ်များအပေါ် ကို သုံးစွဲမှုအခြေအနေ၊ ၎င်းတို့၏ ရိုးရာဓလေ့များ၊ ဘာသာတရား၊ လုပ်ငန်းများ/ အသက်မွေးဝမ်းကျောင်းများ၊ ဆင်းရဲမှု၊ လူဦးရေ စသည့်အကြောင်းကို ကြိုတင်လေ့လာထားရန်။

☐ စီမံကိန်းစဉ်အဆင့်တိုင်းတွင် ထည့်သွင်း ပြောဆိုနိုင်ရန် ကျားမရေးရာ အချက်အလက်အချုပ်နှင့် ရိုးရှင်းသော ရှေ့ လုပ်ငန်းစဉ်များကို မြို့နယ် ကျား-မရေးရာတာဝန်ခံနှင့် ရေးဆွဲပြင်ဆင်ရန်။

x x x x x

## အဆင့် (၁) လုပ်ငန်းမိတ်ဆက် အစည်းအဝေး

☐ မိမိတို့ ကြိုတင် ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်အတိုင်း ကျေးရွာဒေသရှိ အဓိကအုပ်စုများနှင့် စီမံကိန်းမိတ် ဆက်ခြင်း အစည်းအဝေး ပြုလုပ်ပါ။

☐ အစည်းအဝေးမပြုလုပ်မီ ကြိုတင်စဉ်းစားရန်မှာ
- အစည်းအဝေးတွင် အရေးကြီးလိုအပ်သော အဓိကအုပ်စုများ ကြိုတင်ဖိတ်ကြားထားခြင်းရှိ/မရှိ
- သတ်မှတ်လိုက်သော အစည်းအဝေးချိန်သည် အမျိုးသမီး၊ အမျိုးသားများအားလုံး တက်ရောက်နိုင်သောအချိန် နှင့် နေရာ ဟုတ်/မဟုတ်
- အစည်းအဝေးအတွင်း အသုံးပြုသော ဘာသာစကားများ ဒေသခံများအတွက် သင့်လျော်မှုရှိ/မရှိ
- အစည်းအဝေးတွင် အမျိုးသမီးအုပ်စုများ စကားပြောလာအောင် နည်းလမ်းများ လုပ်ဆောင်ခြင်းရှိ/မရှိ

☐ စီမံကိန်းတွင် ချမှတ်ထားသော ကျားမရေးရာလိုအပ်ချက်များနှင့်ပတ်သက်ပြီး ရှင်းပြရန်၊ အသင့်ရှိထားသော ကျား- မရေးရာ ပိုစတာ၊ ပညာပေးစာစောင်များ၊ ပညာပေး အထောက်အကူပြုပစ္စည်းများ အသုံးပြု၍သော်လည်းကောင်း ရှင်းပြနိုင်ပါသည်။

☐ အစည်းအဝေးတွင် ပေါင်းစုံသော အမျိုးသမီး၊ အမျိုးသားများ ပါဝင်လာခြင်းရှိ/မရှိ စစ်ဆေးရန် လိုအပ်ပါသည်။ အကယ်၍ ပါဝင်လာနိုင်ခြင်းမရှိခဲ့သော် အချို့သော တွေ့ဆုံရန်သင့်သော အမျိုးသမီးအမျိုးသားတို့နှင့် တွေ့ဆုံကာ ၎င်းတို့၏အမြင်များကိုလည်း ရယူသင့်ပါသည်။

x x x x x

## Step (2) Conduct Participatory Social Assessment (PSA)

☐ Conduct a separate meeting for men and women when identifying needs and interests of them.

☐ Organize and conduct several small group meetings with different women and men including most vulnerable and poorest groups in the community.

☐ If you think that some groups are not presented at the meeting, go directly to them (can select - one poor/ vulnerable/ homeless man and woman) and interview with them.

☐ Make sure different types of women and men are involved in all meetings to represent for different kinds of people's priorities and needs.

☐ Ensure meetings are arranged as women's friendly time and place to fully exercise their decision-making power.

☐ When conduct mixed group meeting; CF needs to ensure that:

- seating arrangement (do not allow women to sit at the back.)
- facilitate to allow women to speak
- appropriate language usage
- separate women and men when assessing their needs

☐ Making smaller group can get voices from different people even though you mixed the group. When let them do group exercise for sub-project, make sure that you have provided guide questions to the group (eg.1) What are the problems that women/ men face? (eg.2) what can be done to solve these problems? (eg.3) how will it be benefited to the whole communities/ men and women by doing the proposed activities? etc.)

☐ When raising questions and responding to the communities; try to get responses/ answers from women's representatives. If men influence too much let men stop talking and give chances to women. Even in the homogeneous group, ask young women to raise and answer the questions like "how do you think? etc.)

## အဆင့် (၂) လူမှုဆန်းစစ်မှုပြုလုပ်ခြင်း

☐ အမျိုးသားအမျိုးသမီးတို့၏ လိုအပ်ချက်နှင့် စိတ်ဝင်စားမှုများကို ဖော်ထုတ်ရာတွင် အမျိုးသမီးအတွက် သီးသန့် အမျိုးသားအတွက် သီးသန့်အစည်းအဝေး (သို့) သီးသန့်အုပ်စု ဆွေးနွေးခြင်းများ ပြုလုပ်သင့်ပါသည်။

☐ ကျေးရွာအတွင်းရှိ မတူညီသော အမျိုးသမီးများ၊ အမျိုးသားများ (ထိခိုက်လွယ်သော၊ ဆင်းရဲသောအုပ်စုများ အပါအဝင်)နှင့် အုပ်စုငယ် ဆွေးနွေးပွဲများများ လုပ်ဆောင်ရန် လိုအပ်ပါသည်။

☐ အကယ်၍ အစည်းအဝေးတွင် အခြားရေးကြီးသော အုပ်စုများ မပါဝင်သေးဟု သင် ထင်ခဲ့သော် ၎င်းတို့ထံသို့ တိုက်ရိုက် သွားရောက် လေ့လာသင့်သည်။ (အားလုံးကိုတွေ့ရန်မလိုအပ်ပဲ ကိုယ်စားပြုအနေဖြင့် ဆင်းရဲသော/ အိုးအိမ်မဲ့သော/ ဖယ်ကျဉ်ခံနေရသော အမျိုးသမီးတစ်ဦး အမျိုးသားတစ်ဦးကိုသာ ရွေးချယ် မေးမြန်းနိုင်ပါသည်။)

☐ မည်သည့်အစည်းအဝေးတွင်မဆို အမျိုးမျိုးသော အမျိုးသမီး/အမျိုးသားများ ပါဝင်နိုင်အောင် လုပ်ဆောင်သင့်သည်။ သို့မှသာ တင်ပြလာသော အဆိုပြုလွှာ/ စီမံကိန်းများသည် မတူ ကွဲပြားသော/ ပေါင်းစုံသော လူထုကို ကိုယ်စားပြုသော စီမံကိန်း/လုပ်ငန်းမျိုးဖြစ်မည်။

☐ အမျိုးသမီးကော်မတီများအနေဖြင့် မိမိတို့၏ တာဝန်အလိုက် မိမိတို့၏ ဆုံးဖြတ်ချက်ချခြင်းပါဝါကို အပြည့်အဝ လုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ သုံးသပ်ရန်နှင့် ထိုသို့အသုံးချနိုင်ရန် ပြုလုပ်သော လုပ်ငန်းအစီအစဉ်များ၊ အစည်းအဝေးများသည် အမျိုးသမီးများအတွက် အဆင်ပြေနိုင်သောအချိန်နှင့် နေရာ စသည့်တို့သည် အမျိုးသမီးများ ပါဝင်နိုင်သော အချိန်နှင့် နေရာဖြစ်ရန် လိုအပ်သည်။

☐ အမျိုးသမီးအမျိုးသားရောပြီး အစည်းအဝေး ပြုလုပ်ပါက လူထုစည်းရုံးရေးများအနေဖြင့် အောက်ပါအချက်များကို သတိထားရန် လိုသည်။

- ထိုင်ခုံနေရာ ချထားရေး (အမျိုးသမီးများအား အစည်းအဝေးခန်းမ၏ အနောက်ဘက်များ၌သာ ထိုင်ခြင်းကို ခွင့်မပြုပါနှင့်။)
- အမျိုးသမီးများ စကားပြောလာအောင် ညှိနှိုင်း လှုံ့ဆော်ပါ။
- သင့်လျော်သော စကားအသုံးအနှုန်းများ အသုံးပြုရန် မမေ့ပါနှင့်။
- အမျိုးသမီးအမျိုးသားတို့၏ လိုအပ်ချက်နှင့် ပြဿနာများကို ဖော်ထုတ်ရာတွင် သီးသန့်အုပ်စုဖွဲ့ရန် မမေ့ပါနှင့်။

☐ အမျိုးသမီး၊ အမျိုးသား မည်သို့ပင် ရောထားသော အစည်းအဝေး၊ သင်တန်းမဆို အုပ်စုငယ်များဖွဲ့ပြီး ဝိုင်းဖွဲ့ဆွေးနွေးစေပါက လူပေါင်းစုံတို့၏ အသံကို ကြားနိုင်ပါသည်။ သို့တွက်ကြောင့် အုပ်စုခွဲရန် မမေ့ပါနှင့်။ အုပ်စုဖွဲ့ဆွေးနွေးသည့်အချိန်တွင် လမ်းညွှန်ချက်များကိုပေးရန် မမေ့ပါနှင့်။ ဥပမာ-

(၁) လက်ရှိကျေးရွာတွင် အမျိုးသမီး/အမျိုးသားတို့ ကြုံတွေ့နေရသောပြဿနာ/ အခက်အခဲ

(၂) ထိုပြဿနာများကို မည်သည့် အစီအစဉ်များ ပြုလုပ်ခြင်းဖြင့် ပြေလည်နိုင်မည်နည်း၊

(၃) ထိုလုပ်ဆောင်ချက်ကြောင့် ကျေးရွာရှိ အမျိုးသားအမျိုးသမီးကို မည်မျှလောက် အကျိုးသက်ရောက်မှု ရှိစေမည်နည်း။ စသဖြင့်..

☐ မေးခွန်းများမေးခြင်းနှင့် တုန့်ပြန်ချက်များ ပေးရာတွင် အမျိုးသမီးကိုယ်စားလှယ်များအား ဦးတည်မေးခြင်း၊ ဖြေရှင်းချက်များပေးစေခြင်းတို့ကို ပြုလုပ်သင့်သည်။ အကယ်၍ အမျိုးသားများ၏ လွှမ်းမိုးမှု အရမ်းများပါက ၎င်းတို့ကို ခေတ္တခဏ ရပ်ခိုင်းသင့်ပါက ရပ်ခိုင်းရမည်ဖြစ်သည်။ အမျိုးသမီးအချင်းချင်း အုပ်စုအတွင်းမှာပင် ငယ်ရွယ်သော အမျိုးသမီးများ မေးခွန်းမေးလာအောင်၊ စကားပြောလာအောင် အခွင့်အရေးပေးနိုင်အောင် ဖန်တီးပေးရပါမည်။

☐ Preparation on increasing the understanding of villagers' livelihood - mapping seasonal calendar and time use (or Mapping out activity profile of men and women and access to resources: who does what? who access what/ who owns what?) of the villagers.

☐ Develop an overview of village profile, conduct wealth ranking, venn diagram during the meeting

☐ When conduct cobweb exercise, ensure women and men groups are separately discussed order to understand the conditions and status of women in the village.

☐ Need to record the final proposal of the communities (be separate women and men's request) as per operation manual.

x x x x x

## Step (3) 2nd Village Meeting – Election of Village Project Support Committee, Sub-Committees and Preparation of the Village Development Plan (VDP)

☐ Explain the communities about equal participation of women and men in the project, support committee and at all sub-committee (to explain the need of quota system: 50/50 participation and at least one-woman or more than one-woman participation in any sub-committee and gender aspects in project cycle)

☐ Explain roles and responsibilities and code of conduct of VTPSC members

☐ Setting clear roles and responsibilities of women and men after forming committee (any sub-committee) and make transparency with the rest of communities as well.

☐ Explain gender requirements to the meeting attendances and make sure quota for women (50% of members of VTPSC should be women) when selecting VTPSC/VPSC. Ensure women are selected at leadership position

☐ Encourage women and men to speak out during the meeting.

☐ ကျေးရွာရပ်ကွက်ရှိ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သော လုပ်ငန်းသဘာဝများကို လေ့လာရန်၊ ထိုအထဲတွင် ဘယ်သူက ဘာလုပ်သည်၊ အမျိုးသား/သမီးတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လေ့လာပြီး ၎င်းတို့နှင့် ပတ်သက်သော လုပ်ငန်းရာသီပြက္ခဒိန်ကို ရေးဆွဲပြီး ၎င်းတို့၏ အချိန်အသုံးပြုမှုကို လေ့လာရမည်။

☐ ကျေးရွာ၏ ရာဇဝင်သမိုင်းအကျဉ်းကို ပြုစုထားရန်နှင့် အစည်းအဝေးတွင် ဒေသခံများ၏ ချမ်းသာကြွယ်ဝမှုနှင့် ဆင်းရဲမှုအခြေအနေများအပြင် ဒေသရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်ဆောင်ရွက်မှုနှင့် လွှမ်းမိုးမှုအခြေအနေများကို လေ့လာ သုံးသပ်ရမည်။

☐ အမျိုးသားများနှင့်အမျိုးသမီးများနှင့်အခြေအနေကိုသိရှိနားလည်စေရန်အတွက်ပင့်ကူအိမ်လေ့ကျင့်ခန်းတွင်လည်း အမျိုးသား အမျိုးသမီးအုပ်စုခွဲပြီး လေ့လာ သုံးသပ်ရန် လိုအပ်ပါသည်။

☐ ပြီးလျှင် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရေးလက်စွဲပါအတိုင်း အတည်ပြုထားသော စီမံချက်များကို မှတ်တမ်းတင်ရန် (မှတ်တမ်းတင်ရာတွင် အမျိုးသားအမျိုးသမီးတို့၏ တင်ပြချက်များကို သီးခြားမှတ်တမ်းတင်ရန် ဖြစ်သည်။)

x x x x x

## အဆင့် (၃) ကျေးရွာအဆင့် စီမံကိန်းအထောက်အကူပြုကော်မတီများ ဖွဲ့စည်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်း

☐ ပထမဦးဆုံး ကော်မတီဖွဲ့စည်းသည့်အစည်းအဝေးတွင် စီမံကိန်းရှိ ကျားမရေးရာလိုအပ်ချက်/ အမြင်များ အထူး သဖြင့် မည်သည့်လုပ်ငန်းကော်မတီတွင်မဆို အမျိုးသမီးအမျိုးသား အချိုးတူပါဝင်နိုင်ရေး (ဥပမာ- ၅၀/၅၀ ပူးပေါင်း ပါဝင်စေခြင်း၊ ဆပ်ကော်မတီတိုင်းတွင် အနည်းဆုံး အမျိုးသမီးတစ်ဦး (သို့) တစ်ဦးထက် ပို၍ ပါဝင်စေမှု၊ လုပ်ငန်း စီမံချက်၏ မည်သည့်ကဏ္ဍတွင်မဆို ကျားမရေးရာအမြင်ကို ထည့်သွင်းခြင်းမှု စသည်)တို့ကို ရှင်းပြရန် လိုအပ်ပါ သည်။

☐ ကျေးရွာအုပ်စုစီထောက်ကော်မတီဝင်များနှင့် ပတ်သက်သော ကျင့်ဝတ်များ/ ဆောင်ရန်-ရှောင်ရန်များနှင့် တာဝန် နှင့် ဝတ္တရားများကို ရှင်းပြရန် လိုအပ်ပါသည်။

☐ မည်သည့် ဆပ်ကော်မတီအတွက်မဆို အဖွဲ့ဝင်၊ ခေါင်းဆောင်..စသည်တို့အတွက် လုပ်ဆောင်ရမည့်တာဝန်နှင့် ဝတ္တရားများကို သေချာစွာ ရှင်းပြပြီး အခြားသော ဒေသခံများနှင့် ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ပါ။

☐ အစည်းအဝေးတက်ရောက်လာသူများကို ကျား-မရေးရာ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ရှင်းပြရန်နှင့် ကျေးရွာ အုပ်စု/ ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် အမျိုးသမီးများအတွက် အချိုးကျခွဲတမ်းစနစ်ကို ပြောပြရန် လို အပ်ပါသည်။ (ဥပမာ- ကော်မတီအဖွဲ့ဝင်များထဲတွင် အမျိုးသမီး ၅၀% ပါရန်)။ အမျိုးသမီးများကို ဦးဆောင်မှုအပိုင်း တွင် ရွေးချယ်မှုရှိအောင် သေချာစွာ လုပ်ဆောင်ပါ။

☐ အစည်းအဝေးအတွင်း အမျိုးသားနှင့် အမျိုးသမီးများ ပြောဆိုဆွေးနွေးလာအောင် အားပေးဆောင်ရွက်ပါ။

☐ Explain gender requirements in NCDD and explain there will be some capacity building training followed. Also, can ask what capacity building training that they would like to receive and this will be followed if needed.

☐ Selection of one male and one female Chairperson of village and village tract committee and ensure women's leader in every VPSC and VTPSC as this is a minimum requirement.

☐ Addition, discuss and ensure whether or not having women representation is at decision-making level at any sub-committee (eg. Leader of Procurement, finance, M&E. etc.), and women's representative could be more than one subcommittee.

☐ Make sure that the selection is free from elite influence.

☐ Documentation on committee members lists and their roles and responsibilities

☐ Ensure meetings are arranged as women's friendly time and place to fully exercise their decision-making power.

☐ Encourage women's group to speak out and try to get their idea as much as possible during the meetings. To do this, you may sometimes need to interrupt and stop men and invite women to discuss.

☐ Ensure participation of women's committee members when conduct training such as procurement, finance, grievance, gender etc. If required, mentoring supports for empowerment should be provided for women committee members.

☐ When raising questions and responding to the communities; try to get response/ answers from women's representatives. If men are too much influence let men stop talking and give chances to women. Even in the homogeneous group, ask young women to raise and answer the questions like "how do you think? what's your aunty said? etc.)

☐ Make sure different types of women and men are involved to represent for different kinds of people's priorities and needs.

- ☐ ကော်မတီအဖွဲ့ဝင်များကို ကျားမရေးရာလိုအပ်ချက်များနှင့်ပတ်သက်ပြီး ရှင်းပြပေးရန်နှင့် ကော်မတီများအတွက် နောက်ထပ်စွမ်းရည်မြှင့်သင်တန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ထိုစွမ်းရည်မြှင့်သင်တန်းနှင့် ပတ်သက်ပြီး မည်သည့်သင်တန်းများ လိုအပ်သည်/ စိတ်ဝင်စားသည်ကို မေးရန်နှင့် လိုအပ်ပါက သင်တန်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ပြောပြရမည်။

- ☐ ကျေးရွာအဆင့် စီထောက်များ ရွေးချယ်ရာတွင် စီမံကိန်းမှ ချမှတ်ထားသော လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီနှင့် ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီများတွင် အမျိုးသမီးခေါင်းဆောင်တစ်ယောက် မဖြစ်မနေ ပါဝင်မှုရှိစေရန် သေချာစေပါ။

- ☐ ထို့အပြင် စီမံကိန်းဆပ်ကော်မတီများအတွင်း အမျိုးသမီးများ ဆုံးဖြတ်ချက်ချရေးအဆင့်တွင် ပါဝင်နိုင်မှုရှိ/မရှိကိုလည်း သေချာဆွေးနွေးပါ။ (ဥပမာ- ဝယ်ယူရေးကော်မတီတွင် ခေါင်းဆောင်ဖြစ်မှု၊ ဘဏ္ဍာရေးနှင့် အခြားကော်မတီများတွင် ခေါင်းဆောင်ဖြစ်မှု စသည်)။ ဆပ်ကော်မတီတိုင်းတွင်လည်း အမျိုးသမီးတစ်ဦးထက်ပို၍လည်း ပါဝင်နိုင်ပါသည်။

- ☐ ကော်မတီဝင်များ ရွေးချယ်ရာတွင် ဒေသအတွင်းရှိ လူအုပ်စုတစ်စု/ လူပုဂ္ဂိုလ်တစ်ဦးဦး၏ လွှမ်းမိုးမှုများမှ ကင်းအောင် ဆောင်ရွက်ပါ။

- ☐ အဖွဲ့ဝင်စာရင်းများနှင့် ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို မှတ်တမ်းတင်ထားရမည်။

- ☐ အစည်းအဝေးများကျင်းပရာတွင် အမျိုးသမီးများအတွက် အဆင်ပြေနိုင်သော အချိန်၊ နေရာနှင့် ဆုံးဖြတ်ချက်ချခြင်းကို အပြည့်အဝ လုပ်ဆောင်နိုင်သော သက်တောင့်သက်သာရှိသောနေရာဖြစ်စေရန်အတွက် သေချာစေရမည်။

- ☐ အစည်းအဝေးတွင် အမျိုးသမီးများ စကားပြောလာဖို့၊ ဆွေးနွေးလာနိုင်ဖို့အတွက် တစ်ခါတစ်ရံ တက်ရောက်လာသူအမျိုးသားများ စကားပြောခြင်းကို ကြားဝင်ရခြင်းများ၊ စကားပြောနေရာမှ ခဏရပ်ခိုင်းခြင်းများ လုပ်ဆောင်ရန်လိုကောင်း လိုလိမ့်မည်ဖြစ်သည်။ အမျိုးသမီးများပြောလာအောင် ဖိတ်ခေါ်ရမည်ဖြစ်သည်။

- ☐ သင်တန်းများ (ဥပမာ- ဝယ်ယူရေး၊ ဘဏ္ဍာရေး၊ ဝေဖန်အကြံပြုတိုင်ကြားရေး၊ ကျား-မရေးရာ စသဖြင့်) လုပ်ဆောင်ရာတွင် အမျိုးသမီးကော်မတီဝင်များ ပါဝင်တက်ရောက်စေရန် အရေးကြီးပါသည်။ လိုအပ်ပါက အမျိုးသမီးကော်မတီဝင်များအတွက် စွမ်းဆောင်ရည်မြှင့်တက်ရေးဆိုင်ရာ အထောက်အပံ့များပေးရန်လည်း လိုအပ်ပါသည်။

- ☐ မေးခွန်းများမေးခြင်းနှင့် တုန့်ပြန်ချက်များ ပေးရာတွင် အမျိုးသမီးကိုယ်စားလှယ်များအား ဦးတည်မေးခြင်း၊ ဖြေရှင်းချက်များပေးခြင်းတို့ကို ပြုလုပ်သင့်သည်။ အကယ်၍ အမျိုးသားများ၏ လွှမ်းမိုးမှုများအရမ်းများပါက ၎င်းတို့ကိုခေတ္တခဏရပ်ခိုင်းသင့်ပါက ရပ်ခိုင်းရမည်ဖြစ်သည်။ အမျိုးသမီးအချင်းချင်း အုပ်စုအတွင်းမှာပင် ငယ်ရွယ်သောအမျိုးသမီးများ မေးခွန်းမေးလာအောင်၊ စကားပြောလာအောင် အခွင့်အရေးပေးနိုင်အောင် ဖန်တီးပေးရပါမည်။

- ☐ မည်သည့်အစည်းအဝေးတွင်မဆို အမျိုးအမျိုးသော အမျိုးသမီး/ အမျိုးသားများ ပါဝင်နိုင်အောင် လုပ်ဆောင်သင့်သည်။ သို့မှသာ တင်ပြလာသော အဆိုပြုလွှာ/ စီမံကိန်းများသည် မတူကွဲပြားသော/ ပေါင်းစုံသော လူထုကို ကိုယ်စားပြုသော စီမံကိန်း/လုပ်ငန်းမျိုးဖြစ်မည်။

☐ Based on the discussion of the different groups, it is required to check whether the proposals are feasible, cost-effective, everybody's priority or not. In addition, it is need to be prioritized the needs of disadvantaged women or men groups are given consideration for selection of VDP.

☐ Check power balance between women and men within committee (eg. Checking who decides on what?). If women are still reluctant to decide and involve as decision makers, it needs to be arranged for women targeted trainings (such as leadership, communication training for them.)

x x x x x

## Step (4) VTPSC to Review VDPs and Finalize VTDP

☐ Make sure one woman and one man from villages are invited to attend VTPSC selection meeting in advance.

☐ Ensure meeting time and place are favored to both women and men.

☐ Ensure travel, safety, and accommodation for women and men are arranged in advance.

☐ Explain gender requirements before project selection especially it is needed to explain about quota for women's identified project and make sure whether women identified sub-project is selected.

☐ Be consider some special arrangements for women to come to the meeting (personal safety along the trip/ child care for them) (eg. Some organizations pay travel fee and accommodation for baby-sister for some women who have child)

☐ If woman has to travel alone for village tract meeting, check whether the internal procedures allow woman to bring her accompany/ friend/ relative. It is needed to arrange accommodation/ travel/ food for both village representative and her friend.

☐ Facilitators need to ensure that:

- committee members are invited in advance
- appropriate time/place that both male and female villagers could attend

☐ မတူကွဲပြားသောအုပ်စုများနှင့် ဆွေးနွေးထားသည်များကို အခြေခံပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းများကို ရွေးချယ်ရာတွင် အဆိုပြုလွှာများသည် အကောင်အထည်ဖော်ရန် ဖြစ်နိုင်ချေရှိ/မရှိ၊ ကုန်ကျစရိတ်အားဖြင့် ကျိုးကြောင်း ခိုင်လုံမှုရှိ/မရှိနှင့် ရွာသားအားလုံး၏ ဦးစားပေးမှု ဟုတ်မဟုတ် ပြန်လည်စိစစ်ရန် လိုအပ်ပါသည်။ ထို့အပြင် အားနည်းသော အမျိုးသမီး အမျိုးသားအုပ်စုများ၏ လိုအပ်ချက်များကို ဦးစားပေး စဉ်းစားပေးသင့်ပါသည်။

☐ ကော်မတီအဖွဲ့ဝင်များအတွင်း အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသားအကြားရှိ အခွင့်အာဏာ ခွဲဝေသုံးစွဲခြင်းများကို သုံးသပ်ရန် (ဥပမာ- မည်သူက ဘာလုပ်သည်၊ မည်သူက မည်သည့်လုပ်ငန်း/ အသုံးစရိတ်များ သုံးစွဲရန် ဆုံးဖြတ်သည်) စသည်တို့ကို လေ့လာရန်။ အကယ်၍အမျိုးသမီးများသည် မျှော်မှန်းထားသလောက် ပူးပေါင်းပါဝင်ခြင်း၊ ဆုံးဖြတ်ချက် ချနိုင်ခြင်းများမရှိခဲ့သော် ၎င်းတို့အတွက် စဉ်ဆက်မပြတ် လမ်းညွှန်မှုများ၊ သင်တန်းများ ဆက်လက်ပံ့ပိုးပေးရန် (ဥပမာ- ခေါင်းဆောင်မှုသင်တန်း၊ ဆက်သွယ်ဆက်ဆံရေးနှင့် ငွေကြေးစီမံခန့်ခွဲမှုသင်တန်း..စသည်)။

x x x x x

## အဆင့် (၄) ကျေးရွာအုပ်စုအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်များ အပြီးသတ် ရွေးချယ်ခြင်း

☐ ကျေးရွာအဆင့်တွင် ရွေးချယ်ထားသော ကော်မတီဝင်များထဲမှ အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးကို ကိုယ်စားလှယ်အနေဖြင့် ကျေးရွာအုပ်စုအစည်းအဝေးသို့ တက်ရောက်ရန် ကြိုတင် ဖိတ်ကြားထားရမည်။

☐ အစည်းအဝေးပြုလုပ်သော အချိန်နေရာသည် အမျိုးသားအမျိုးသမီးတို့ တက်ရောက်နိုင်သောအချိန်ဖြစ်ရန် လိုအပ်သည်။

☐ အမျိုးသမီး၊ အမျိုးသားများအတွက် လိုအပ်သော ခရီး၊ လုံခြုံမှုနှင့် ညအိပ်ညနေ အစီအစဉ်များ ကြိုတင်စီစဉ်ထားခြင်း ရှိ/မရှိ သေချာစေရမည်။

☐ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်မှု မစတင်မီ စီမံကိန်းမှသတ်မှတ်ထားသော ကျား-မရေးရာ လိုအပ်ချက်များကို ရှင်းပြရန် လိုအပ်သည်။ အထူးသဖြင့် အမျိုးသမီးများ ပိုမို ပူးပေါင်း ပါဝင်လာနိုင်ရေးအတွက် အချိုးကျခွဲတမ်းစနစ်အကြောင်းနှင့် အမျိုးသမီးများ ရွေးချယ်သော စီမံကိန်းများ ရွေးချယ်အကောင်အထည်ဖော်ရေးကို နားလည်အောင် ရှင်းပြရန် လိုအပ်ပါသည်။

☐ အမျိုးသမီးကော်မတီဝင်များ၊ သာမန် အမျိုးသမီးများ ကျေးရွာအုပ်စုအစည်းအဝေးလာနိုင်ရန်အတွက် အထူး လုပ်ဆောင်ချက် (ဥပမာ- ထိုအမျိုးသမီးလာသည့် ခရီးစဉ်တစ်လျှောက်တွင် သူမအတွက် အန္တရာယ်ကင်းမှု/ လုံခြုံစိတ်ချမှု ရှိ-မရှိ၊ အိမ်ထောင်နှင့် ကလေးရှိပါက သူမကလေးအတွက် ကလေးထိန်းများ စီစဉ်ပေးမှု..စသည်) တို့ကို လုပ်ဆောင်သင့်သည်။ အချို့သော အဖွဲ့များသည် ထိုအမျိုးသမီးကလေးထိန်းအတွက် ခရီးစရိတ်များ ပံ့ပိုးပေးခြင်း၊ ကလေးကစားစရာအစီအစဉ်များ စီစဉ်ထားပေးခြင်း စသည်တို့ ဆောင်ရွက်ပေးပါသည်။)

☐ အကယ်၍ အမျိုးသမီးတစ်ဦးတည်း ခရီးဝေးမှလာရမည်ဆိုပါက ထိုအမျိုးသမီးအား ၎င်း၏သူငယ်ချင်းများကို ခေါ်လာစေပြီး ထိုသူအား နေရာထိုင်ခင်း၊ ခရီးစရိတ်များ စီစဉ်ပေးခြင်း စသည်တို့ လုပ်ပေးနိုင်ခြင်းရှိ/မရှိ အဖွဲ့၏လုပ်ထုံးလုပ်နည်းများကို စစ်ဆေးပြီး လုပ်ဆောင်ပေးသင့်သည်။

ကွင်းဆင်းညှိနှိုင်းရေးမှူးများအနေဖြင့် အောက်ပါအချက်များကို သတိထားရန်လိုသည်။

- အဓိကတာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးအဖွဲ့ဝင်များကို ကြိုတင်ဖိတ်ကြားထားခြင်းရှိ/မရှိ။
- အမျိုးသမီး၊ အမျိုးသားများ အစည်းအဝေးတက်နိုင်သောအချိန်နှင့် နေရာကို စီစဉ်မှု ရှိ/မရှိ။

- arrange accommodation/ travel/ child care facilities. etc. for women who faced difficulty in these in advance
- use appropriate language(s)

x x x x x

### Step (5) TPIC to review and endorse the VTDP

☐ Prior the endorsement, raise awareness on gender and gender requirements of the project for TPIC members in order to understand the rationale of the gender requirements.

☐ Ensure that women selected sub-projects are included in the submission list to TPIC.

☐ If women's proposals are in relation to livelihood or if the selected villages' needs and problems are more on livelihood, please record it and explore this with them how to incorporate in infrastructure project that allowed by the NCDD.

☐ Plan and organize gender awareness session for project committee members if it is needed.

☐ Documentation on the meeting results.

x x x x x

### Step (6) 3rd Village meeting – VTPSC reports back to villagers the endorsed VTDP and the decisions on the approved sub-projects

☐ Make sure the results from VTPSC meeting are informed to the rest of villages.

☐ Approved sub-projects and allocated block grants should be notified at the notice board where women and ethnic groups can also be accessible and understandable language.

☐ If there is any comments/complaints on developed village development plan from marginalized group and vulnerable group, it should be discussed and changed on time with communities to submit TPIC.

☐ Ensure VPSCs' woman chair participate in the village tract level meeting.

x x x x x

- ကလေးငယ်ရှိသော၊ ခရီးဝေးတွင်နေသော အမျိုးသမီးများအတွက် ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ အစီအစဉ်များ၊ တည်းခိုရန်နေရာများ၊ ခရီးစရိတ်များ ကြိုတင်စီစဉ်ထားရန်။
- အစည်းအဝေးတွင် သင့်လျော်သော စကားအသုံးအနှုန်းများ/ အများနားလည်လွယ်သော စကားလုံးများ အသုံးပြုရန်။

x x x x x

## အဆင့် (၅) မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက ပြန်လည်သုံးသပ်၍ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ကို အတည်ပြုခြင်း

☐ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို အတည်မပြုခင် မြို့နယ်စီမံကိန်းရေးဆွဲသော ကော်မတီများကို ကျား-မရေးရာ အခြေခံသဘောတရားနှင့် လိုအပ်ချက်များ ဘာကြောင့် လုပ်ဆောင်သည်ကို နားလည်ထားနိုင်ရန် ရှင်းပြထားသင့်သည်။

☐ မြို့နယ်သို့ တင်ပြသော စီမံကိန်းလုပ်ငန်းများတွင် အမျိုးသမီးရွေးချယ်သော စီမံကိန်းခွဲများ ပါဝင်စေရန် သေချာစေရမည်။

☐ အကယ်၍ စီမံကိန်းမှရွေးချယ်လိုက်သော ကျေးရွာ၏ အဓိကကြုံတွေ့နေရသောပြဿနာနှင့် လိုအပ်ချက်များ (သို့) အမျိုးသမီးများ တင်ပြလာသော စီမံချက်များသည် အသက်မွေးဝမ်းကျောင်းပြဿနာ အများစုဖြစ်ပါက ၎င်းကို မှတ်တမ်းတင်ပြီး ဒေသခံများနှင့်တိုင်ပင်ကာ လက်ရှိလူထုဗဟိုပြုစီမံကိန်းမှ သတ်မှတ်ထားသော အခြေခံအဆောက်အအုံ စီမံကိန်းနှင့် မည်သို့ အံဝင်ခွင်ကျဖြစ်အောင် လုပ်ဆောင်နိုင်မည့်အကြောင်းကို ရှာဖွေ ဖော်ထုတ်ရမည်။

☐ အကယ်၍ အခြေအနေပေးခဲ့သော်/ လိုအပ်ခဲ့သော် မြို့နယ်စီမံကိန်းကော်မတီဝင်များအတွက် ကျား-မရေးရာနှင့် ပတ်သက်သော အမြင်ဖွင့်သင်တန်းများပေးခြင်း၊ ပေးနိုင်ရန် စီစဉ်ခြင်းများ ပြုလုပ်သင့်သည်။

☐ အစည်းအဝေးရလဒ်များအားလုံးကို မှတ်တမ်းတင်ရပါမည်။

x x x x x

## အဆင့် (၆) တတိယအကြိမ်အစည်းအဝေး - ကျေးရွာအုပ်စု စီ/ထောက်ကော်မတီအနေဖြင့် မြို့နယ်မှအတည်ပြုပြီးသည့် စီမံကိန်းလုပ်ငန်းခွဲများနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်အကြောင်း ပြန်လည်အသိပေးခြင်း

☐ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ အစည်းအဝေးရလဒ်များ၊ ဆုံးဖြတ်ချက်များသည် အစည်းအဝေး မတက်ရောက်လာနိုင်သော ကျေးရွာများသို့ ပြန်လည်ပြောပြပေးခြင်းရှိ/မရှိ စစ်ဆေးရမည်။

☐ ရေးဆွဲအတည်ပြုထားသော လုပ်ငန်းအစီအစဉ် နှင့် ထောက်ပံ့ငွေများကို အမျိုးသမီးများနှင့် တိုင်းရင်းသားအုပ်စုများ လက်လှမ်းမှီနိုင်သော ဒေသဘာသာစကား၊ နေရာများရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားရေးရန်လိုအပ်သည်။

☐ ဦးစားပေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လူမျိုးစုတစ်စု သို့မဟုတ် ထိခိုက်လွယ်အုပ်စုများမှ မကျေနပ်၊ စိုးရိမ်မှုများ ရှိပါက အုပ်စု စီ/ထောက်ကော်မတီမှ ပြန်လည် ဆန်းစစ်ပြီး ရေးဆွဲထားသော ဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည် ပြုပြင်ပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီထံသို့ အချိန်မီ တင်ပြင်ရမည်။

## Step (7) VPSC holds a technical meeting to prepare a sub-project proposal (and ECoP and EMP, if necessary)

☐ Ensure women, youths, ethnic, marginalized groups are benefitted from the project before filling ECoP/EMP form (PC#13) in the accessing beneficiaries' section.

☐ Ensure both husband and wife should be informed if there is land donation case.

☐ Explain deeply about equal pay for equal work ahead of project implementation and for the purpose of hiring contractors.

